# မြန်မာနိုင်ငံ ကျားမရေးရာအခြေပြု အကြမ်းဖက်မှုဆန့်ကျင်ရေး

# ၁၆ ရက်တာ လှုပ်ရှားမှုအတွက်

# UN GTG ၏ သဘောတရား မှတ်စု

## ၂၅ နိုဝင်ဘာ - ၁၀ ဒီဇင်ဘာ ၂၀၂၅

### ၁။ နောက်ခံသမိုင်း

ကျားမရေးရာအခြေပြု အကြမ်းဖက်မှုဆန့်ကျင်ရေး ၁၆ ရက်တာ လှုပ်ရှားမှုသည် နှစ်စဉ်ကျင်းပသည့် အလွန်အရေးပါသော နိုင်ငံတကာ ကမ်ပိန်း တစ်ခု ဖြစ်ပြီး၊ ၎င်းသည် ကမ္ဘာတစ်ဝှမ်းရှိ လူ့အခွင့်အရေး ချိုးဖောက်မှုများတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများသည် အကျယ်ပြန့်ဆုံး ဖြစ်ပွားနေသည့် လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်ကြောင်း မီးမောင်းထိုးပြသည်။ ဤလှုပ်ရှားမှုသည် 'အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး တိုက်ဖျက်ရေး နိုင်ငံတကာနေ့' ဖြစ်သည့် နိုဝင်ဘာ ၂၅ ရက်မှ စတင်ပြီး 'လူ့အခွင့်အရေးနေ့' ဖြစ်သည့် ဒီဇင်ဘာ ၁၀ ရက်တွင် အဆုံးသတ်ပါသည်။

အရပ်ဘက် လူမှုအဖွဲ့အစည်းများက ဦးဆောင်သည့် ဤလှုပ်ရှားမှုကို ပံ့ပိုးပေးသည့် အနေဖြင့်၊ '၂၀၃၀ ခုနှစ် နောက်ဆုံးထားကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ အဆုံးသတ်နိုင်ရေး ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ လုပ်ငန်းစဉ် (UNiTE) (United Nations Secretary-General's UNiTE by 2030 to End Violence against Women initiative) သည် နှစ်ရှည်တင်ပြအရေးဆိုရေး ကြိုးပမ်းမှုတစ်ခုဖြစ်ပြီး အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှု (VAWG) များကို အဆုံးသတ်နိုင်စေရန် အသိပညာများမြှင့်တင်ခြင်း၊ တင်ပြအရေးဆိုမှုများကို လှုံ့ဆော်တွန်းအားပေးခြင်း၊ အသိပညာနှင့် ဆန်းသစ်သောနည်းလမ်းများကို မျှဝေခြင်းတို့အတွက် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်မှုများကို တောင်းဆိုထားသည်။ ၂၀၂၅ ခုနှစ် UNiTE လှုပ်ရှားမှုအတွက် ကမ္ဘာလုံးဆိုင်ရာဆောင်ပုဒ်မှာ- **"အမျိုးသမီးများနှင့်**

**မိန်းကလေးများအားလုံးအပေါ် ဒစ်ဂျစ်တယ်နည်းဖြင့် အကြမ်းဖက်မှုပပျောက်ဖို့ စည်းလုံးကြစို့" (UNiTE)** ဖြစ်သည်။

အမျိုးသမီးများနှင့်မိန်းကလေးများအပေါ် အကြမ်းဖက်မှုသည် ရပ်တန့်ရမည့် ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးဆိုင်ရာ အရေးပေါ်အခြေအနေ ဖြစ်သည်။ ကမ္ဘာပေါ်ရှိ အမျိုးသမီးများ၏အခွင့်အရေးဆိုင်ရာ အတိုးတက်ဆုံးသော နိုင်ငံတကာသဘောတူညီချက်များထဲမှ တစ်ခုဖြစ်သည့် <u>ဘေဂျင်းသဘောတူကြေညာစာတမ်းနှင့် လမ်းညွှန်မှုဘောင် ၏ (၃၀) နှစ်ပြည့် အထိမ်းအမှတ်</u>အဖြစ်၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ၂၀၂၅ UNiTE လှုပ်ရှားမှုသည် အရှိန်အဟုန်ဖြင့်တိုးပွားနေသော အလွဲသုံးစားမှု ပုံစံများထဲမှ တစ်ခုဖြစ်သည့် အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် ဒစ်ဂျစ်တယ်နည်းဖြင့် အကြမ်းဖက်မှု ကို အဓိကထားသည်။ ယခုနှစ် လှုပ်ရှားမှုသည် ဒစ်ဂျစ်တယ်ဘေးကင်းရေး (Digital safety) သည် ကျားမတန်းတူညီမျှရေးအတွက် အဓိကကျကြောင်း သတိပေးချက်လည်း ဖြစ်သည်။

## ဒစ်ဂျစ်တယ်နည်းဖြင့် အလွဲသုံးစားမှုဆိုသည်မှာ အဘယ်နည်း။

ဒစ်ဂျစ်တယ်ကိရိယာများကို အမျိုးသမီးများနှင့် မိန်းကလေးများအား ဖော်ပြပါနည်းလမ်းများအပါအဝင် အမျိုးမျိုးသော နည်းလမ်းများမှတစ်ဆင့် စောင့်ကြည့်နှောက်ယှက်ခံရန်၊ ထိပါးနှောင့်ယှက်ရန်နှင့် အလွဲသုံးစားပြုရန် ပိုမိုအသုံးပြုလာကြသည်-

- ပုံရိပ်အခြေခံ အလွဲသုံးစားမှု (ရင်းနှီးကျွမ်းဝင်သောပုံများကို ခွင့်ပြုချက်မရှိဘဲ မျှဝေခြင်း)
- နည်းပညာသုံးအနိုင်ကျင့်မှု၊ အွန်လိုင်းမှ တိုက်ခိုက်သောပုံရိပ်များ နှင့် အွန်လိုင်းမှ ခြိမ်းခြောက်မှုများ
- အွန်လိုင်းမှ ထိပါးနှောင့်ယှက်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း
- AI ဖြင့် ဖန်တီးထားသော Deepfake နည်းပညာသုံးထားသော ပုံရိပ်များ (လိင်ပိုင်းဆိုင်ရာ အသားပေး ပုံရိပ်များ၊ Deepfake နည်းပညာသုံး ညစ်ညမ်းပုံရိပ်များ)
- လူမှုမီဒီယာများပေါ်တွင် အမုန်းစကားနှင့် သတင်းအမှားဖြန့်ဝေခြင်း
- Doxxing (တစ်စုံတစ်ယောက်၏ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ၎င်းသဘောမတူပဲ အများသိစေရန်ဖော်ထုတ်ခြင်း)
- အွန်လိုင်းမှ စောင့်ကြည့်ခြင်း သို့မဟုတ် အနီးကပ်စောင့်ကြည့်ခြင်း/ခြေရာခံခြင်း
- ကလေးသူငယ်များအား အွန်လိုင်းမှ လိင်ပိုင်းဆိုင်ရာအမြတ်ရယူရန် ရည်ရွယ်ချက်ဖြင့်အပေးအယူလုပ်ပြီး ရင်းနှီးကျွမ်းဝင်အောင်ပြုလုပ်ခြင်း နှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်၊ အမြတ်ထုတ်ခြင်း။
- တစ်စုံတစ်ယောက်၏ အချက်အလက်များ၊ ရုပ်ပုံများကို အသုံးပြုပြီး အယောင်ဆောင် လိမ်လည်ခြင်း နှင့် တစ်စုံတစ်ဦးအဖြစ်အယောင်ဆောင်ပြီး အကျိုးအမြတ်ရယူခြင်း။

- အမျိုးသမီးဖြစ်တည်မှုအပေါ် မုန်းတီးခြင်းဝါဒဖြန့် ကွန်ရက်များ (manosphere၊ incel ဖိုရမ်များ)

ဤကဲ့သို့ အွန်လိုင်းမှလုပ်ရပ်များသည် ခြိမ်းခြောက်အနိုင်ကျင့်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုခြင်း၊ သို့မဟုတ် အမျိုးသမီးဦးတည်သတ်ဖြတ်ခြင်း ကဲ့သို့သော အွန်လိုင်းမှမဟုတ်သော အကြမ်းဖက်မှုများဆီသို့ မကြာခဏ ဦးတည်စေသည်။ ဒစ်ဂျစ်တယ်နည်းဖြင့် အကြမ်းဖက်မှုသည် အမျိုးသမီးများ၊ အထူးသဖြင့် အများပြည်သူသိမြင်နိုင်သော သို့မဟုတ် အွန်လိုင်းတွင် ထင်ရှားကျော်ကြားသော အမျိုးသမီးများကို ပစ်မှတ်ထားနေပြီး၊ ၎င်း၏အကျိုးသက်ရောက်မှုသည် ကျားမခွဲခြားဆက်ဆံမှုပုံစံတစ်မျိုးထက်မက ရင်ဆိုင်နေရသော အမျိုးသမီးများ အတွက် ပိုမိုကြီးမားသည်။

## ဒစ်ဂျစ်တယ် အလွဲသုံးစားမှုကို အဘယ်ကြောင့် ရပ်တန့်ရန် ခက်ခဲသနည်း။

ဒစ်ဂျစ်တယ် အလွဲသုံးစားမှုကို ရပ်တန့်ရန် ခက်ခဲစေသည့် အကြောင်းရင်းများစွာ ရှိသည်-

- နည်းပညာကဏ္ဍ၏ စည်းမျဉ်းများ အားနည်းခြင်းနှင့် ဒစ်ဂျစ်တယ် အကြမ်းဖက်မှုအား ဥပဒေအရ အသိအမှတ်ပြုမှု မရှိခြင်း
- နည်းပညာ ပလက်ဖောင်းများနှင့် လူမှုကွန်ရက်စာမျက်နှာများမှ တာဝန်ယူမှုမရှိခြင်း
- အမျိုးသမီးဖြစ်တည်မှုအပေါ် မုန်းတီးခြင်းဝါဒဖြန့်ကွန်ယက်များတွင် အကြမ်းဖက်မှုကို ပုံမှန်ဖြစ်ရိုးဖြစ်စဉ် အဖြစ် သတ်မှတ်ခြင်း။
- ဉာဏ်ရည်တု (Artificial Intelligence) သည် အလွဲသုံးစားပြုမှု ပုံစံအသစ်များ ဖန်တီးကာ၊ ဒစ်ဂျစ်တယ် အကြမ်းဖက်မှုကို ပိုမိုအားကောင်းစေခြင်း
- ကျားမတန်းတူညီမျှခြင်းအပေါ် ဆန့်ကျင်မှုများ ကြီးထွားလာခြင်း
- ကျူးလွန်သူများသည် မည်သူမည်ဝါဖြစ်ခြင်းကိုမသိနိုင်ခြင်းနှင့် နယ်စပ်ဖြတ်ကျော် အလွဲသုံးစားမှုများရှိခြင်း။
- ရှင်သန်ကျန်ရစ်သူများအတွက် ပံ့ပိုးကူညီမှုစနစ်များ အကန့်အသတ်ရှိခြင်း

## ၂။ ၂၀၂၅ UNiTE ကမ်ပိန်းအတွက် မြန်မာနိုင်ငံ၏ နောက်ခံအခြေအနေ

မြန်မာနိုင်ငံတွင် အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှု (VAWG) ကို ကိုင်တွယ်ဖြေရှင်းရန် အရေးတကြီး လိုအပ်နေသည်။ ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခ၊ ကျယ်ပြန့်သော ရွှေ့ပြောင်းနေထိုင်မှုနှင့် နိုင်ငံရေး မတည်မငြိမ်ဖြစ်မှု၊ ဆင်းရဲမွဲတေမှု၊ စားနပ်ရိက္ခာ မလုံလောက်မှု၊ နှင့် မကြာသေးမီက ဖြစ်ပွားခဲ့သော ငလျင်နှင့် ရေကြီးမှုကဲ့သို့သော သဘာဝဘေးအန္တရာယ်များ အပါအဝင် အရေးပေါ်အခြေအနေများစွာက နက်ရှိုင်းစွာ

အမြစ်တွယ်နေသော ကျား၊မ၊မညီမျှမှုအား ပိုမိုဆိုးရွားစေသည်။ ဤအခြေအနေများသည် အမျိုးသမီးနှင့် မိန်းကလေးငယ်များအားအကြမ်းဖက်ခြင်း ဖြစ်ပွားနိုင်ခြေကို သိသိသာသာ မြင့်တက်စေခဲ့သည်။

၂၀၁၆ ခုနှစ် အချက်အလက်များအရ အိမ်ထောင်ကျဖူးသော မြန်မာအမျိုးသမီး ငါးဦးတွင် တစ်ဦး သည် ရင်းနှီးသော အိမ်ထောင်ဖက်၏ အကြမ်းဖက်မှုကို ခံစားခဲ့ရဖူးကြောင်း ပြသခဲ့သော်လည်း၊ လက်ရှိတွင် ထိခိုက်ခံစားမှု ပိုမိုမြင့်မားလာခြင်း၊ မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများကို ရယူသုံးစွဲနိုင်မှုလျော့နည်းလာခြင်း၊ နှင့် တရားဥပဒေစိုးမိုးမှု ပျက်စီးခြင်း တို့ကြောင့် အကြမ်းဖက်မှုများ ပိုမိုမြင့်မားနိုင်သည်ဟု ယူဆရသည်။
မကြာသေးမီက ကွင်းဆင်းလေ့လာချက်များတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ရင်းနှီးကျွမ်းဝင်သော လက်တွဲဖော်၏ အကြမ်းဖက်မှုသည်၊ အထူးသဖြင့် ရွှေ့ပြောင်းနေထိုင်ရာနေရာများနှင့် ပဋိပက္ခဖြစ်ပွားရာ ဒေသများတွင် ပိုမိုမြင့်မားနေကြောင်း ဖော်ပြထားသည်။

မသန်စွမ်း အမျိုးသမီးများနှင့် မိန်းကလေးများသည် ကျားမခွဲခြားဆက်ဆံမှုအပါအဝင် အမျိုးမျိုးသော ခွဲခြားဆက်ဆံမှုများ နှင့် လူမှုအသိုင်းအဝိုင်းမှ ဖယ်ကျဉ်ခံရမှုများကို မကြာခဏ ရင်ဆိုင်ရပြီး ၊ ဘေးအန္တရာယ်ကျရောက်နိုင်ချေပိုမိုများပြားသော်လည်း၊ ၎င်းတို့အတွက် ရရှိနိုင်သောဝန်ဆောင်မှုများမှာ သိသိသာသာ လျော့နည်းနေသည်။

ယေဘုယျအားဖြင့်၊ မြန်မာနိုင်ငံရှိ အမျိုးသမီးများနှင့် မိန်းကလေးများသည် ဘေးကင်းလုံခြုံရေးနှင့် တရားမျှတမှုအတွက် အတားအဆီးများစွာကို ရင်ဆိုင်နေရသည်။ ၎င်းတို့တွင် ရှင်သန်ကျန်ရစ်သူ ဗဟိုပြုဝန်ဆောင်မှုများကို အကန့်အသတ်ဖြင့်သာ ရယူနိုင်ခြင်း၊ ခွဲခြားဆက်ဆံသော စံနှုန်းများ ကျယ်ပြန့်စွာရှိခြင်း၊ အမျိုးသမီးများနှင့်မိန်းကလေးငယ်မအပေါ် အကြမ်းဖက်မှု (VAWG) ၏ သက်ရောက်မှုများအပေါ် လူထုအသိအမြင် နည်းပါးခြင်းနှင့် အမျိုးသမီးဦးဆောင်၊ အမျိုးသမီးအခွင့်အရေးအဖွဲ့အစည်းများနှင့် ကျားမအခြေပြုအကြမ်းဖက်မှု ဝန်ဆောင်မှုပေးသူများအတွက် ကာလရှည် ရန်ပုံငွေထောက်ပံ့မှု နည်းပါးခြင်းတို့ ပါဝင်ပါသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးခြင်းလက်လှမ်းမီမှု နည်းပါလာခြင်းနှင့် ဆက်သွယ်ရေး ပြတ်တောက်ခြင်းတို့ကြောင့် ဝန်ဆောင်မှုပေးမှုများ ပိုမိုနှောင့်နှေးစေပြီး ရှေ့တန်းမှ GBV ဝန်ဆောင်မှု လုပ်ဆောင်သူများနှင့် ဒေသခံကွန်ရက်များကသာ အရေးပါသောကွာဟချက်များကို ကြားဝင်လုပ်ဆောင်ပေးနေရသည်။

ဤရှုပ်ထွေးသော ပတ်ဝန်းကျင်အခြေအနေများသည် ရင်းနှီးသောလက်တွဲဖော်မှ အကြမ်းဖက်မှု၊ ပဋိပက္ခနှင့် ဆက်စပ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ လူကုန်ကူးမှု၊ အတင်းအကြပ်နှင့်အသက်မပြည့်မီ

လက်ထပ်ထိမ်းမြားမှု၊ အန္တရာယ်ရှိသော ရိုးရာဓလေ့ထုံးတမ်းများနှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားမှုများ အပါအဝင် အကြမ်းဖက်မှု ပုံစံများစွာနှင့် ကျယ်ပြန့်စွာဖြစ်ပေါ်စေသည်။ ၎င်းအန္တရာယ်သည် မသန်စွမ်း အမျိုးသမီးများနှင့် မိန်းကလေးများ၊ ဆယ်ကျော်သက် မိန်းကလေးများ၊ အမျိုးသမီး ဦးဆောင်သောအိမ်ထောင်စုများ၊ တစ်ကိုယ်ရည်မိခင်များနှင့် ပဋိပက္ခဖြစ်ပွားရာနှင့် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သော ဒေသများတွင် နေထိုင်သူများ၊ လူနည်းစု သို့မဟုတ် ဖယ်ကျဉ်ခံလူထုများအပေါ် အထူးသဖြင့် ကျရောက်လျက်ရှိသည်။

ဒစ်ဂျစ်တယ်အကြမ်းဖက်မှုသည် မြန်မာနိုင်ငံတွင် စိုးရိမ်ဖွယ် မြင့်တက်လာနေပြီး၊ အမျိုးသမီးခေါင်းဆောင်များ၊ လူ့အခွင့်အရေးကာကွယ်သူများနှင့် တက်ကြွလှုပ်ရှားသူများအား အွန်လိုင်းမှ ထိပါးနှောင့်ယှက်မှု၊ ထောက်လှမ်းမှု၊ သတင်းမှားဖြန့်ဝေမှုနှင့် doxxing (တစ်စုံတစ်ယောက်၏ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ၎င်းသဘောမတူပဲ အများသိစေရန်ဖော်ထုတ်ခြင်း) တို့ဖြင့်မကြာခဏ ပစ်မှတ်ထားခြင်းခံရသည်။ ဤနည်းဗျူဟာများသည် အမျိုးသမီးများ၏ အသံများကိုတိတ်ဆိတ်စေရန်နှင့် ၎င်းတို့၏ အများပြည်သူကြားလွတ်လပ်စွာပြောဆိုလှုပ်ရှားနိုင်သည့် အဝန်းအဝိုင်းအား ကန့်သတ်ရန် ရည်ရွယ်သည်။

ကျားမအခြေပြုအကြမ်းဖက်မှုကို ကျူးလွန်ရန်ဒစ်ဂျစ်တယ်ပလက်ဖောင်းများကို အသုံးပြုခြင်းသည် အကျပ်အတည်းနှင့် သဘာဝဘေးအန္တရာယ်ကျရောက်သော အခြေအနေများတွင် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် အွန်လိုင်းမှ ထိခိုက်နစ်နာမှုတို့၏ ဆက်စပ်နေမှုသဘောသဘာဝကို ရောင်ပြန်ဟပ်သည်။

နှစ်စဉ်နှစ်တိုင်း၊ ကုလသမဂ္ဂ ကျားမရေးရာ အဖွဲ့ (UN GTG) မြန်မာ သည် ကျားမအခြေပြုအကြမ်းဖက်မှု အဆုံးသတ်ရေး ၁၆ ရက်တာ လှုပ်ရှားမှုကို ဒေသခံအရပ်ဘက်လူ့အဖွဲ့အစည်းများ၊ အမျိုးသမီးအခွင့်အရေး တက်ကြွလှုပ်ရှားသူများ၊ အခြားဒေသခံနှင့် နိုင်ငံတကာ မိတ်ဖက်များနှင့်အတူ ပူးပေါင်းလုပ်ဆောင်နေပါသည်။ ၂၀၂၅ ခုနှစ်အတွက်၊ UN GTG မြန်မာသည် ၏ ဆောင်ပုဒ်သည် ကမ္ဘာလုံးဆိုင်ရာ UNiTE လှုပ်ရှားမှု ဆောင်ပုဒ်ဖြစ်သည့်- **"အမျိုးသမီးများနှင့်မိန်းကလေးများအားလုံးအပေါ် ဒစ်ဂျစ်တယ်နည်းဖြင့် အကြမ်းဖက်မှုပပျောက်ဖို့ စည်းလုံးကြစို့"** နှင့် ချိန်ညှိထားရှိသည်။

ဤသဘောတရားမှတ်စုသည် ကမ္ဘာလုံးဆိုင်ရာဆောင်ပုဒ်ကို မြန်မာနိုင်ငံ၏အခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်ထားပြီး၊ ဒစ်ဂျစ်တယ် အလွဲသုံးစားမှုသည် ပဋိပက္ခ၊ ရွှေ့ပြောင်းနေထိုင်မှုနှင့် အစီအစဉ်တကျ မညီမျှမှုတို့နှင့် မည်သို့ ဆက်စပ်နေကြောင်းကို မီးမောင်းထိုးပြကာ၊ တစ်ချိန်တည်းမှာပင် GBV ပုံစံအားလုံးကို၊ ပူးပေါင်းဆောင်ရွက်မှုရှိပြီး၊ အားလုံးပါဝင်မှုရှိသော ရှင်သန်ကျန်ရစ်သူဗဟိုပြု ချဉ်းကပ်မှုများဖြင့်

ကိုင်တွယ်ဖြေရှင်းရန် အရေးကြီးကြောင်း အလေးထားဖေါ်ပြထားသည်။

## ၃။ ကမ်ပိန်း ရည်ရွယ်ချက်များ

၁. **ဒစ်ဂျစ်တယ်နှင့် အခြားကျားမအခြေပြုအကြမ်းဖက်မှု ပုံစံများအကြောင်းအသိပညာ မြှင့်တင်ရန်**။ ဒစ်ဂျစ်တယ်အကြမ်းဖက်မှု၊ ပဋိပက္ခနှင့် ဆက်စပ်သော အကြမ်းဖက်မှုများနှင့် အခြားသောအကြမ်းဖက်မှုပုံစံများသည် မြန်မာနိုင်ငံရှိ အမျိုးသမီးများနှင့် မိန်းကလေးများကို အွန်လိုင်းနှင့် အွန်လိုင်းမဟုတ်သည့် နေရာများတွင်ပါ နည်းလမ်းပေါင်းစုံနှင့် ထိခိုက်စေကြောင်းနှင့်၊ ဒစ်ဂျစ်တယ်အကြမ်းဖက်မှုသည် ကျားမအခြေပြုအကြမ်းဖက်မှုအမျိုးအစားဖြစ်ပြီ၊ တူညီသောအာရုံစိုက်မှု၊ ရန်ပုံငွေနှင့်တုံ့ပြန်မှုလုပ်ငန်းများအားကောင်းစေရန် မီးမောင်းထိုးပြနေသည်။

၂. မြန်မာနိုင်ငံအခြေစိုက် နည်းပညာကုမ္ပဏီများ အား GBV လုပ်ဆောင်သူများ၊ အမျိုးသမီးဦးဆောင်သော/အမျိုးသမီးအခွင့်အရေး အဖွဲ့အစည်းများနှင့် ဒစ်ဂျစ်တယ် ဘေးကင်းရေး ကျွမ်းကျင်သူများနှင့် တိုင်ပင်၍ ဘေးကင်းရေးအစီအမံများ အကောင်အထည်ဖော်ရန်၊ အန္တရာယ်ရှိသော အကြောင်းအရာများကို ဖယ်ရှားရန်၊ ကျင့်ဝတ်စည်းကမ်းများကို လက်ခံကျင့်သုံးရန်နှင့် ပွင့်လင်းမြင်သာမှုရှိသော အစီရင်ခံစာများ ထုတ်ပြန်ရန် အရေးဆိုအကြံပြုခြင်း။

၃. မြန်မာနိုင်ငံရှိ ကျားမအခြေပြုအကြမ်းဖက်မှု ပုံစံအမျိုးမျိုး ထိခိုက်ခံရသူများအတွက် ကျားမအခြေပြုအကြမ်းဖက်မှု ဖြစ်ရပ်စီမံခန့်ခွဲမှု၊ စိတ်လူမှုပိုင်းဆိုင်ရာအထောက်အပံ့ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဥပဒေရေးရာ အထောက်အပံ့၊ အကာအကွယ်ပေးခြင်းဝန်ဆောင်မှုများအား **ညှိနှိုင်းဆောင်ရွက်သည့်၊ အားလုံးပါဝင်မှုရှိသည့်၊ ရှင်သန်ကျန်ရစ်သူဗဟိုပြု GBVဝန်ဆောင်မှုများကို** အကျပ်အတည်းဖြစ်နေသောဒေသများနှင့် ဒီဂျစ်တယ်နေရာများတွင်ပါ ရယူသုံးစွဲနိုင်မှု **အားကောင်းလာစေရန်။**

၄. မြန်မာနိုင်ငံအတွင်း ဒစ်ဂျစ်တယ် အကြမ်းဖက်မှုနှင့် အခြားသောကျားမအခြေပြုအကြမ်းဖက်မှု ပုံစံများအားလုံးကို ကိုင်တွယ်ဖြေရှင်းရန်နှင့် လျှော့ချရန်အတွက် အရပ်ဘက်လူ့အဖွဲ့အစည်း၊ လူသားချင်းစာနာထောက်ထားရေးဆိုင်ရာအဖွဲ့အစည်းများ၊ နည်းပညာ ပလက်ဖောင်းများ၊ လူငယ်အဖွဲ့၊ ပညာပိုင်းဆိုင်ရာ အဖွဲ့အစည်းများ၊ ရပ်ရွာခေါင်းဆောင်များ၊ လွှမ်းမိုးမှုရှိသော ပုဂ္ဂိုလ်များနှင့် အခြားသက်ဆိုင်သူများကြား **ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်များ မြှင့်တင်ရန်**။

၅. အန္တရာယ်ရှိသော စံနှုန်းများကို စိန်ခေါ်ရန်နှင့် ဒစ်ဂျစ်တယ်နှင့် ရုပ်ပိုင်းဆိုင်ရာ နေရာများတွင် လေးစားမှုရှိသော၊ အကြမ်းမဖက်သော အပြုအမူများကို မြှင့်တင်ရန်အတွက် **အမျိုးသားများနှင့် ယောကျာ်းလေးများအား မဟာမိတ်အဖြစ် ပါဝင်စေရန်**။

၆. ရှေ့တန်းမှ GBV ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ရေး ဝန်ဆောင်မှုများကို ပေးအပ်နေသည့် အမျိုးသမီးဦးဆောင်သောအဖွဲ့များနှင့် ရပ်ရွာအခြေပြု အဖွဲ့အစည်းများ ကို ရင်းမြစ်များထောက်ပံ့ခြင်း၊

အကာအကွယ်ပေးခြင်းနှင့် နိုင်ငံအဆင့် ဆွေးနွေးညှိနှိုင်းရေးနှင့် အရေးဆိုအကြံပြုခြင်းလုပ်ငန်းစဉ်များတွင် ပါဝင်နိုင်အောင် ပံ့ပိုးပေးခြင်းဖြင့် **ဒေသတွင်းဖြစ်မြောက်ရေး (localization) နှင့် ရေရှည်တည်တံ့ခိုင်မြဲရေးကို မြှင့်တင်ရန်။**

## ၄။ ကမ်ပိန်း ဆောင်ပုဒ်နှင့် Hashtag များ

- #အကြောင်းပြချက်ပေး၍မရ
- **#အကြမ်းဖက်မှုပပျောက်ရန်လုပ်ဆောင်ပါ**
- #မြန်မာနိုင်ငံဒစ်ဂျစ်တယ်ဖူလုံရေးအဖွဲ့ကွန်ရက်

## ၅။ ကမ်ပိန်း အတွက် ဦးတည်အုပ်စုများ

- မသန်စွမ်းသူ အမျိုးသမီးများနှင့် မိန်းကလေးများ၊ LGBTQI+ များ၊ နေရပ်ရွှေ့ပြောင်းနေထိုင်ရသူများနှင့် **GBV** ၏ ဆက်စပ်အန္တရာယ်များစွာကို ရင်ဆိုင်နေရသော အခြားသူများ အပါအဝင် **ရှင်သန်ကျန်ရစ်သူများ၊ အန္တရာယ်ရှိနိုင်သော ပုဂ္ဂိုလ်များနှင့် ထိခိုက်ခံစားရသော ရပ်ရွာလူထု။**
- တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး လုပ်ဆောင်နေသောဒေသတွင်း အရပ်ဘက်အဖွဲ့အစည်းများ (CSOs)၊ အမျိုးသမီးလူ့အခွင့်အရေးကာကွယ်သူများ၊ လူငယ်အဖွဲ့များနှင့် မသန်စွမ်းသူများဆိုင်ရာအဖွဲ့အစည်းများ အပါအဝင် **အရပ်ဘက်လူ့အဖွဲ့အစည်း၊ အမျိုးသမီးဦးဆောင်သော အဖွဲ့များနှင့် အမျိုးသမီးအခွင့်အရေး အဖွဲ့အစည်းများ။**
- **နည်းပညာကဏ္ဍနှင့် ဒစ်ဂျစ်တယ် လုပ်ငန်းအဖွဲ့များ** - (မြန်မာနိုင်ငံအခြေစိုက် နည်းပညာကုမ္ပဏီများ၊ ရင်းနှီးမြှုပ်နှံသူများ၊ ဒစ်ဂျစ်တယ်အခွင့်အရေး လှုပ်ရှားသူများနှင့် အွန်လိုင်းပလက်ဖောင်းများ) သည် ဒစ်ဂျစ်တယ်ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာရှိရှိလုပ်ဆောင်နိုင်ရေးအတွက် ထိန်းချုပ်သူများအဖြစ် ၎င်းတို့အခန်းကဏ္ဍကို အသိအမှတ်ပြုကာ ဒစ်ဂျစ်တယ်အကြမ်းဖက်မှုမှ အကာအကွယ်ပေးရေးကို မြှင့်တင်ရမည်။
- **လွှမ်းမိုးမှုရှိသောပုဂ္ဂိုလ်များနှင့် ရပ်ရွာအဖွဲ့များ** - လူအများ၏ စိတ်နေသဘောထားနှင့် စံနှုန်းများကို ပုံသွင်းပေးနိုင်သော အသိပညာပေးသူများ၊ မီဒီယာ၊ ဘာသာရေးနှင့် ရိုးရာဓလေ့ ခေါင်းဆောင်များ၊ လူမှုမီဒီယာ လွှမ်းမိုးသူများ)။
- **ဝန်ဆောင်မှုပေးသူများနှင့် ကျွမ်းကျင်ပညာရှင်များ-** (ကျန်းမာရေးဝန်ဆောင်မှုပေးသူများ၊ ဥပဒေရေးရာအဖွဲ့များ၊ လူမှုလုပ်ငန်းလုပ်ဆောင်သူများ၊ GBV ဝန်ဆောင်မှုပေးသူများနှင့် ဒီဂျစ်တယ် ကျွမ်းကျင်သူများ။
- **ဖွံ့ဖြိုးရေးနှင့် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းလုပ်ဆောင်သော မိတ်ဖက်များ** -ကျား၊မ

တန်းတူညီမျှရေး၊ အကာအကွယ်ပေးရေးနှင့် လူသားချင်းစာနာထောက်ထားမှု တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော ကုလသမဂ္ဂအေဂျင်စီများအပါအဝင်၊နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (INGO)၊ အလှူရှင်များနှင့် သံရုံးများ။

- **အမျိုးသားများနှင့် ယောကျ်ားလေး မဟာမိတ်များ** - ခေါင်းဆောင်မှု၊ ပညာရေးနှင့် ဦးဆောင်လှုပ်ရှားမှုအခန်းကဏ္ဍများတွင် ပါဝင်ပြီး အန္တရာယ်ရှိသော စံနှုန်းများကို စိန်ခေါ်ကာ၊ အွန်လိုင်းနှင့် အွန်လိုင်းမဟုတ်သောနေရာများတွင် လေးစားမှုရှိသော အမူအကျင့်များကို မြှင့်တင်ပေးနိုင်သူများ။

## ၅။ UNiTE ကမ်ပိန်း စည်းရုံးလှုံ့ဆော်ရေး၏ အခြေခံသဘောတရားများ

- **ရှင်သန်ကျန်ရစ်သူ ဗဟိုပြုချဉ်းကပ်မှု-** ရှင်သန်ကျန်ရစ်သူများ၏ ဘေးကင်းလုံခြုံရေး၊ ဂုဏ်သိက္ခာ၊ သဘောတူညီချက်နှင့် လျှို့ဝှက်ထိန်းသိမ်းခြင်းကိုဦးစားပေးဆောင်ရွက်ပြီး၊ လေးစားမှုရှိသော၊ "ထိခိုက်နစ်နာမှု မရှိစေရေး" ချဉ်းကပ်နည်းကို အသုံးပြု၍ အွန်လိုင်းနှင့် အွန်လိုင်းမဟုတ်သော အခြေအနေနှစ်ခုလုံးတွင် လုပ်ဆောင်ပါ။ ထို့အပြင် ရှင်သန်ကျန်ရစ်သူများ၏ အရေးဆောင်ရွက်သူများနှင့် လှုပ်ရှားသူများအား ၎င်းတို့၏ စည်းကမ်းသတ်မှတ်ချက်များဖြင့် ပါဝင်ဆောင်ရွက်နိုင်ရန် ပံ့ပိုးကူညီပါ။
- **အားလုံးပါဝင်နိုင်မှုနှင့် ဆက်စပ်မှုများအားထည့်သွင်းစဥ်းစားခြင်း ("မည်သူကိုမှ ချန်လှပ်မထားရ")** - လူ့အခွင့်အရေးအခြေခံ ချဉ်းကပ်နည်းကို အသုံးပြုကာ၊ အမျိုးသမီးများနှင့် မိန်းကလေးများအား ၎င်းတို့၏ မတူကွဲပြားမှုအပေါ်မူတည်၍ အဓိပ္ပာယ်ရှိစွာနှင့်ပြည့်ဝစွာ ပါဝင်နိုင်စေရန် နေရပ်ရွှေ့ပြောင်းနေထိုင်ရသူများ၊ မသန်စွမ်းများ၊ တိုင်းရင်းသားလူနည်းစုအုပ်စုဝင်များ၊ LGBTQI+ များနှင့် အခြားသော GBVနှင့် ဆက်စပ်အန္တရာယ်များကို ရင်ဆိုင်နေရသော အုပ်စုများ ပါဝင်စေရန်သေချာစေပါ။
- **လူငယ် အမျိုးသမီးအခွင့်အရေး တက်ကြွလှုပ်ရှားသူများနှင့် လူငယ်ဦးဆောင် အဖွဲ့အစည်းများ၏ အသံများကို မြှင့်တင်ခြင်း** - ကမ္ဘာ့နိုင်ငံများက [ဘေဂျင်းကြေညာစာတမ်းနှင့် လုပ်ငန်းစီမံချက် (Beijing Declaration and Platform for Action)] ကို လက်ခံကျင့်သုံးခဲ့ပြီးနောက်ပိုင်း တိုးတက်မှုများကို ပြန်လည်သုံးသပ်နေစဥ်တွင်၊ အနာဂတ်ကို ပုံဖော်နေသော နောင်မျိုးဆက်သစ် အမျိုးသမီးအခွင့်အရေး တက်ကြွလှုပ်ရှားသူများ၏ အသံများကို မြှင့်တင်နိုင်ရန်အတွက် ပလက်ဖောင်းများ ဖန်တီးပေးရန် အချိန်တန်ပြီဖြစ်သည်။
- **အမျိုးသမီးအရေး လှုပ်ရှားမှုများကို ဂုဏ်ပြုခြင်းနှင့် အသိအမှတ်ပြုခြင်း-** အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှုကို တားဆီးကာကွယ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းတို့တွင်

မြန်မာနိုင်ငံရှိ အမျိုးသမီးအခွင့်အရေးနှင့် အမျိုးသမီးအရေးတက်ကြွ လှုပ်ရှားမှုများ၏ ဦးဆောင်မှုကို အသိအမှတ်ပြုပြီး၊ ပိုမိုကျယ်ပြန့်အောင် လုပ်ဆောင်ပါ။

- **ပူးပေါင်းဆောင်ရွက်ခြင်း**- လူ့အဖွဲ့အစည်းရှိ လူသားတိုင်းသည် အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှု အဆုံးသတ်ရေး၌ အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပြီး၊ ကျားမအခြေပြု အကြမ်းဖက်မှု အမျိုးမျိုးကို ကူညီဖြေရှင်းနိုင်ရန်အတွက် ကျွန်ုပ်တို့အားလုံးသည် ကဏ္ဍအသီးသီးတွင် အတူတကွ ပူးပေါင်းလုပ်ဆောင်ရမည်။
- **အသွင်ကူးပြောင်းမှု ဖန်တီးခြင်း**- အမျိုးသမီးများနှင့် မိန်းကလေးများအတွက် တန်းတူညီမျှပြီး ရေရှည်တည်တံ့သော အပြောင်းအလဲများ တည်ဆောက်နိုင်ရန်၊ အန္တရာယ်ရှိသော ကျားမ စံနှုန်းများ၊ အခန်းကဏ္ဍများနှင့် လုပ်ပိုင်ခွင့်အာဏာမျှဝေမှု များကို စိန်ခေါ်ပြောင်းလဲရန် လိုအပ်သည်။

## ၆။ မိတ်ဖက်များအတွက် အကြံပြုထားသော လှုပ်ရှားမှုများ

- **ကမ္ဘာမြေအား လိမ္မော်ရောင်ခြယ်ခြင်း (Orange the World)** - ၁၆ ရက်တာ လှုပ်ရှားမှုကာလအတွင်း အမျိုးသမီးများနှင့်မိန်းကလေးများအပေါ်အကြမ်းဖက်မှု (VAWG) နှင့်ပတ်သက်၍ အသိပညာပေးရန်အတွက် လိမ္မော်ရောင်ဝတ်ဆင်ခြင်း၊ ကမ်းပိန်းအသုံးပြုနိုင်သော Facebook Frame များနှင့် Avatar များ ဖန်တီးခြင်းအပါအဝင်၊ ယဉ်ကျေးမှုအရသင့်တော်ပြီး၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသော အစီအစဉ်များနှင့် လှုပ်ရှားမှုများကို စီစဥ်ကျင်းပပါ။
- **မီဒီယာဖြင့် ပါဝင်ခြင်း**- မီဒီယာကြေညာချက်ထုတ်ပြန်ခြင်း၊ အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှု နှင့်ပတ်သက်၍ အသိပညာပေးရန်နှင့် လှုပ်ရှားမှု၏ သတင်းစကားများနှင့် ရည်ရွယ်ချက်များကို မြှင့်တင်ရန် ဗီဒီယိုများအပါအဝင် သက်ဆိုင်ရာအကြောင်းအရာများကို မီဒီယာဌာနများထံပေးပို့ခြင်း။
- **ဆက်သွယ်ရေးပစ္စည်းများဖန်တီးခြင်း** - မိတ်ဖက်အဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ ၊အမျိုးသမီးဦးဆောင်အဖွဲ့အစည်းများအတွက် အဓိကသတင်းစကားများ၊ ဆက်သွယ်ရေး လက်စွဲကိရိယာများ (toolkits)နှင့် မီဒီယာအစုံ အသုံးပြုနိုင်သော ဆက်သွယ်ရေးပစ္စည်းများ ဖန်တီးခြင်းဖြင့် ၊ ကမ်ပိန်း၏သတင်းစကားနှင့် ရည်ရွယ်ချက်များကို ပြန့်ပွားစေခြင်းနှင့်၊ အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှု နှင့်ပတ်သက်၍ အသိပညာပေးခြင်း။
- **သက်ဆိုင်သည့်အဖွဲ့များအား စည်းရုံးလှုံ့ဆော်ခြင်း** - အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှု နှင့် ကျား/မတန်းတူညီမျှရေးဆိုင်ရာ ဆွေးနွေးခြင်းနှင့် လုပ်ဆောင်ချက်များဖြစ်သော၊ အမျိုးသား၊ အမျိုးသမီး၊ယောက်ျားလေးငယ်များနှင့် မိန်းကလေးငယ်များအတွက် ရပ်ရွာလူထုအတွင်းပြုလုပ်သောပွဲများ၊ ကုလသမဂ္ဂဝန်ထမ်းများအတွက် အဖွဲ့တွင်းလုပ်ဆောင်သောပွဲများ၊

အလုပ်ရှင်များ၊ မိတ်ဖက်များနှင့် လူသားချင်းစာနာထောက်ထားမှုအသိုက်အဝန်းတို့ပါဝင်နိုင်သော အစီအစဥ်များနှင့် လှုပ်ရှားမှုများကို စီစဥ်ကျင်းပပါ။

- **လူမှုမီဒီယာကမ်ပိန်း များကျင်းပခြင်း** - လူမှုကွန်ရက်ပလက်ဖောင်းများ အသုံးပြုပြီး၊ ကမ်ပိန်း သတင်းစကားများ၊ ရှင်သန်ကျန်ရစ်သူများ၊ ဝန်ဆောင်မှုပေးသူများ၏ ဖြစ်ရပ်များကို မျှဝေရန် အွန်လိုင်းဆွေးနွေးမှုများနှင့် လှုပ်ရှားမှုများပြုလုပ်ခြင်းဖြင့် လူထုကို ပါဝင်စေခြင်း။ အွန်လိုင်းမှတဆင့် ထိပါး အနှောက်အယှက်ခံရသော အမျိုးသမီးများနှင့် မိန်းကလေးများ၏ အမည်မဖော်ပြထားသော ထွက်ဆိုချက်များကို ပုံပြင်ပြော အစီအစဥ်များအနေဖြင့် လုပ်ဆောင်ခြင်း။
- **မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာစေခြင်း** - ကမ်ပိန်း၏ လွှမ်းခြုံနိုင်မှုနှင့် သက်ရောက်မှုကို ပိုမိုကျယ်ပြန့်စေရန် အရပ်ဘက်အဖွဲ့အစည်းများ၊ အမျိုးသမီးဦးဆောင်အဖွဲ့အစည်းများ၊ အလုပ်ရှင်များ၊ လူငယ်အဖွဲ့များနှင့် အခြားသက်ဆိုင်သော အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ပါ။
- **ဒစ်ဂျစ်တယ် အကြမ်းဖက်မှုအကြောင်း အသိပညာ မြှင့်တင်ခြင်း** - ဒစ်ဂျစ်တယ်အကြမ်းဖက်မှု ပုံစံအမျိုးမျိုးနှင့် ၎င်းတို့၏ အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် ပြင်းထန်သော သက်ရောက်မှုများအကြောင်း မြန်မာပြည်သူလူထုထံ သတင်းစကားများ ထုတ်ပြန်ပြီး၊ အွန်လိုင်းနှင့် အွန်လိုင်းမဟုတ်သောအကြမ်းဖက်မှုများ၏ ဆက်စပ်မှုကို မီးမောင်းထိုးပြပါ။ ကျောင်းအခြေပြု အစီအစဥ်များနှင့် ရပ်ရွာလူထု ဆွေးနွေးပွဲများတွင် အမျိုးသားများနှင့် ယောက်ျားလေးများအား ဒစ်ဂျစ်တယ်အကြမ်းဖက်မှုကို ဆန့်ကျင်သူများအဖြစ် ပါဝင်စေခြင်းဖြင့် ကျား၊မရေးရာထည့်သွင်းစဉ်းစားသော တုံ့ပြန်ဆောင်ရွက်ခြင်းနည်းလမ်းကို ပိုမို အားကောင်းစေခြင်း။
- **နည်းပညာ ပလက်ဖောင်းများ တာဝန်ယူ တာဝန်ခံမှုရှိစေရန် စည်းရုံးလှုံ့ဆော်ခြင်း**- နည်းပညာ ပလက်ဖောင်းများ၏ ဘေးကင်းလုံခြုံရေးကို မြှင့်တင်ရန်၊ အန္တရာယ်ရှိသော အကြောင်းအရာများကို ထိရောက်စွာဖယ်ရှားရန်၊ အသိပညာပေးလှုပ်ရှားမှုများကို ပူးတွဲကျင်းပခြင်း နှင့် ဒစ်ဂျစ်တယ်အကြမ်းဖက်မှုကို တိုက်ဖျက်ရာတွင် ၎င်းတို့၏ ပွင့်လင်းမြင်သာသော အစီရင်ခံစာများကို ထုတ်ပြန်ရန် မြန်မာနိုင်ငံရှိ နည်းပညာကုမ္ပဏီများကို တိုက်တွန်းပါ။
- **ရှင်သန်ကျန်ရစ်သူဗဟိုပြုသော ဝန်ဆောင်မှုများမြှင့်တင်ခြင်း**- မြန်မာနိုင်ငံရှိ ဒစ်ဂျစ်တယ်အကြမ်းဖက်မှု ခံစားခဲ့ရသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ GBV ဖြစ်ရပ် စီမံခန့်ခွဲမှု၊ စိတ်၊လူမှုပိုင်းဆိုင်ရာ ပံ့ပိုးမှု၊ ဥပဒေရေးရာနှင့် ဒစ်ဂျစ်တယ်ဘေးကင်းလုံခြုံရေး အကူအညီများအပါအဝင် ပြီး ပြည့်စုံသော ခံစားခဲ့ရသူဗဟိုပြု ပံ့ပိုးကူညီမှု ဝန်ဆောင်မှုများ ရရှိနိုင်စေရန် တိုးမြှင့်ဆောင်ရွက်ပါ။
- **အေဂျင်စီများအကြား နှင့်အစုအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း** - ဒစ်ဂျစ်တယ်အကြမ်းဖက်မှုကို ပူးပေါင်းဖြေရှင်းနှင့် တိုက်ဖျက်နိုင်ရန် မြန်မာနိုင်ငံရှိ အဖွဲ့အစည်းအသီးသီးအကြား မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို တည်ဆောက်၍ ခိုင်မာစေပါ။

- **တာဝန်ယူမှုရှိသော အွန်လိုင်းအပြုအမူကိုမြှင့်တင်ခြင်း** - မြန်မာနိုင်ငံရှိတစ်ဦးချင်းစီ၏ လုပ်ဆောင်ချက်များနှင့် အမျိုးသား မဟာမိတ်များ၏ ပူးပေါင်းပါဝင်မှုများဖြင့်၊ အွန်လိုင်းပေါ်ရှိ အန္တရာယ်ရှိသော စံနှုန်းများကို စိန်ခေါ်ရန်၊ ဒစ်ဂျစ်တယ်အလွဲသုံးစားလုပ်မှုကို ဖွင့်ဟပြောဆိုရန်နှင့် လေးစားမှုရှိပြီး ဘေးကင်းလုံခြုံသော အွန်လိုင်းပတ်ဝန်းကျင်ပေါ်ပေါက်ရေးအတွက် တိုက်တွန်းပါ။

## ၇။ လက်တွေ့လုပ်ဆောင်ရန် တောင်းဆိုခြင်း

အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှု အဆုံးသတ်ရေး ၁၆ ရက်တာ လှုပ်ရှားမှုတွင် ပါဝင်ရန် မြန်မာနိုင်ငံရှိ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ အမျိုးသမီးအခွင့်အရေးအဖွဲ့များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် အလှူရှင်များ၊ ရပ်ရွာခေါင်းဆောင်များ၊ လူငယ်များနှင့် တစ်သီးပုဂ္ဂလ များအားလုံးကို ကျွန်ုပ်တို့မှ တောင်းဆိုပါသည်။ အတူတကွ ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့်၊ အမျိုးသမီးများနှင့် မိန်းကလေးများအားလုံး အကြမ်းဖက်မှုမှ ကင်းဝေးပြီး၊ ဂုဏ်သိက္ခာရှိစွာ နှင့် တန်းတူညီမျှစွာ နေထိုင်နိုင်သော မြန်မာနိုင်ငံကို ကျွန်ုပ်တို့ ဖန်တီးနိုင်ပါသည်။ မြန်မာနိုင်ငံတွင် ဒစ်ဂျစ်တယ်အလွဲသုံးစားပြုမှုကို ရပ်တန့်ရန် ကျွန်ုပ်တို့အားလုံး လုပ်ဆောင်ရမည်။

၁၆ ရက်တာ လှုပ်ရှားမှုကို အထိမ်းအမှတ်ပြုသည့်အနေဖြင့်၊ ဤလှုပ်ရှားမှုသည် အောက်ပါတို့ကို တောင်းဆိုသည်-

- **မြန်မာအခြေစိုက် နည်းပညာကုမ္ပဏီများ** - ပလက်ဖောင်း ဘေးကင်းရေး၊ အန္တရာယ်ရှိ သော အကြောင်းအရာများ ဖယ်ရှားရေးနှင့် အသိပညာပေးကမ်ပိန်းများကျင်းပခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိသော အစီရင်ခံစာများ ထုတ်ပြန်ရန်။
- **အလှူရှင်များ** - အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှု အဆုံးသတ်ရန် လုပ်ဆောင်နေသော အမျိုးသမီးအခွင့်အရေး အဖွဲ့အစည်းများနှင့် ဒစ်ဂျစ်တယ်အခွင့်အရေးလုပ်ဆောင်သူများတွင် ရင်းနှီးမြှုပ်နှံရန်။
- **ဝန်ဆောင်မှုပေးသူများ** - ဘေးကင်းလုံခြုံမှု၊ လျှို့ဝှက်ထိန်းသိမ်းမှု၊ လေးစားမှုနှင့် ခွဲခြားဆက်ဆံမှုမရှိစေရေး ကိုလိုက်နာသော ရှင်သန်ကျန်ရစ်သူ ဗဟိုပြုပံ့ပိုးမှုများကိုအွန်လိုင်းနှင့် ဒစ်ဂျစ်တယ်အကြမ်းဖက်မှု အပါအဝင် GBV အမျိုးအစားအားလုံးအတွက် ရရှိစေရန်။
- **တစ်ဦးချင်း ပုဂ္ဂိုလ်များ (မြန်မာနိုင်ငံတွင်)** - ထုတ်ဖော်ပြောဆိုရန်၊ ရှင်သန်ကျန်ရစ်သူများကို ပံ့ပိုးရန်နှင့် အန္တရာယ်ရှိသော အွန်လိုင်း စံနှုန်းများကို စိန်ခေါ်ရန်။

## ၈။ UN GTG မြန်မာအကြောင်း

မြန်မာနိုင်ငံရှိ The United Nations Gender Theme Group ( UN GTG) ကို UNFPA မြန်မာ နှင့် UN Women

မြန်မာအဖွဲ့တို့မှ ပူးတွဲဦးဆောင်ပါသည်။ ၎င်းသည် အဖွဲ့အစည်းပေါင်းစုံနှိုင်းဆောင်ရွက်ရေး အဖွဲ့တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ၏ တုံ့ပြန် ဆောင်ရွက်မှုများ၌ ကျားမရေးရာဆိုင်ရာ စီးမျောလုပ်ဆောင်ခြင်း နှင့် အမျိုးသမီးများ စွမ်းအားမြှင့်တင်ပေးတို့ကို အားကောင်းလာစေရန် လုပ်ဆောင်နေပါသည်။

UNCT GTG သည် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ နှင့်ဆိုင်သော တုံ့ပြန်ဆောင်ရွက်မှုများ၌ ကျားမရေးရာကို ပေါင်းစည်းပါဝင်စေရေးနှင့် အဖွဲ့အစည်းပေါင်းစုံ ညှိနှိုင်းဆောင်ရွက်မှုနှင့် တာဝန်ခံမှု/တာဝန်ယူမှုတို့ကို ပေးအပ်ပါသည်။

### နောက်ထပ် သတင်းအချက်အလက်များသိလိုပါက

**UNFPA:** Programme Specialist Hien Phan at phan@unfpa.org

**UN Women:** Planning and Coordination Analyst, Maffi Devadoss at maffi.devadoss@unwomen.org